# အိုဒီစီ/အက (ODC/DANCE)

ဘရင်ဒါ ဝေ (Brenda Way)၊ အနုပညာရေးရာ ဒါရိုက်တာ

ကေတီ နယ်လ်စင် (KT Nelson)၊ တွဲဖက်အနုပညာရေးရာ ဒါရိုက်တာ
ကီမီ အိုကာဒါ (Kimi Okada)၊ တွဲဖက်ကကွက်စီစဉ်သူ
ကေတီ ရို့စ် (Kathy Rose)၊ ထုတ်လုပ်သူ ဇာတ်ခုံမန်နေဂျာ

*ပါဝင်သူအဖွဲ့*

ဒယ်နီယယ် စန်းတို့စ် (Daniel Santos)
အဲန် ဇီဗိုလစ်(Anne Zivolich)
ကော်ရီ ဘရေဒီ(Corey Brady)
အဲလစ်ဇဘက် ဖာရို့ ဟီနန်(Elizabeth Farotte Heenan)
ရေယိုအီ ကမ်ဘာရာ (Yayoi Kambara)
ကီလက် ရာရန် (Quilet Rarang)
ဂျဲရမီ စမစ် (Jeremy Smith)
အဲရွန် ပဲလ်စတင်း (Aaron Perlstein)
ဗနက်စာ သီးစင် (Vanessa Thiessen)
ဒဲနစ် အဲဒမ် (Dennis Adams)

DanceMotion USA℠ က အမေရိကန် ပြည်ထောင်စု နိုင်ငံခြားရေးဌာန ပညာရေးနှင့်ယဉ်ကျေးမှု ရေးရာဗျူရိုရဲ့ စီမံကိန်းတရပ်ဖြစ်ပြီး BAM (Brooklyn Academy of Music- ဘရွတ်ကလင်းဂီတကျောင်း) က ထုတ်လုပ်တာ ဖြစ်ပါတယ်။

www.DanceMotionUSA.org ကို ကြည့်ပါ။

အနုပညာအစီအစဉ်နဲ့ အနုပညာသည်များ အပြောင်းအလဲရှိနိုင်ပါတယ်။

ဓာတ်ပုံရိုက်တာ (သို့) အသံဖမ်းတာတို့ကို ဘယ်ပုံစံနဲ့မှ ခွင့်မပြုပါဘူး။

လှည့်လည်ဖြေဖျော်မှု အချက်အလက်ရယူဖို့ ဆက်သွယ်ရန်။

**LISA BOOTH MANAGEMENT, INC.**
145 West 45th St, #602
New York, NY 10036

ဖုန်း 212.921.2114
ဖက်စ် 212.921.2504
artslbmi@msn.com

## ပျံသန်းမှုများ အစ (ORIGINS OF FLIGHT)

(၂၀၀၈)

*နော်မန်နဲ့ အဲဗ်လင်(Norman & Evelyn) အတွက်*

*ကြာချိန်။ ။ ၂၆ မိနစ်*

*ကကွက်။ ။* ဘရင်ဒါ ဝေ(Brenda Way)
*ဂီတ။ ။* ဟိုင်းရစ်ဘီဘာ(Heinrich Biber)၊ အာစင်ဂဲလိုကော်ရဲလီ (Arcangelo Corelli)နဲ့ ယောဟန်ဟိုင်းရစ်ရှမယ်လ်ဇာ(Johann Heinrich Schmelzer)
*အလင်းရောင် ဒီဇိုင်း။ ။* အဲလစ်ဇန်းဒါး ဗီ နစ်ကိုးလ်  (Alexander V. Nichols)
*အဝတ်အစား ဒီဇိုင်း။ ။* ရီတာ ဒီလိုရင်းဇိုး (Rita DiLorenzo)
*ကချေသည်များ။ ။* ဒယ်နီယယ် စန်းတို့စ်/အဲန် ဇီဗိုလစ် (Daniel Santos/Anne Zivolich) နဲ့အဖွဲ့

ကွယ်လွန်သူခင်ပွန်း နော်မန်(Norman) အတွက်ရည်စူးပြီး အဲဗလင် ဖိုင်းတက် (Evelyn Feintech) က ပံ့ပိုးထားတဲ့ "ပျံသန်းမှုများအစ" (*Origins of Flight*) ဟာ ရှည်လျားပြီးဖန်တီးနိုင်စွမ်းရှိတဲ့ဆက်ဆံရေးတခုရဲ့ အစွမ်း၊ ပျော်ရွှင်မှုနဲ့ ကရုဏာတို့ကို "စပျံသန်းချိန်" နဲ့ "ဆင်းသက်ချိန်" အဖြစ် ခံယူထားပါတယ်။

အဖွဲ့တခုလုံး အပြည့်အဝပါဝင်ထားတဲ့ဒီဇာတ်ကို လှုပ်ရှားနေတဲ့လူတွေ သုံးတဲ့လှုပ်ရှားမှုစကားကနေ ရတဲ့ပျော်ရွှင်မှုနဲ့ မြူးကြွစေတဲ့စိတ်ဓာတ်တို့ကို ခေါ်ဖိတ်တဲ့သဘောနဲ့ စီစဉ်ခဲ့တာပါ။

---

## မရည်ရွယ်ထားသောအကျိုးဆက်များ။ ။ အတွေးတရပ်(UNINTENDED CONSEQUENCES: A MEDITATION)

(၂၀၀၈)

*ကြာချိန်။ ။ ၁၇ မိနစ်*

*ကကွက်။ ။* ဘရင်ဒါ ဝေ(Brenda Way)
*ဂီတ။ ။* လော်ရီ အန်ဒါဆင် (Laurie Anderson)
*အလင်းရောင်/ဇာတ်စင်ဒီဇိုင်း။ ။* အဲလစ်ဇန်းဒါး ဗီ နီကိုးလ် (Alexander V. Nichols)
*အဝတ်အစား ဒီဇိုင်း။ ။* ။ ဘရင်ဒါ ဝေ(Brenda Way)
*ကချေသည်များ။ ။* ဒယ်နီယယ် စန်းတို့စ် (Daniel Santos)၊ အဲန် ဇီဗိုလစ် (Anne Zivolich ၊ ကော်ရီ ဘရေဒီ (Corey Brady)၊ ယာယိုအီ ကမ်ဘာရာ (Yayoi Kambara)၊ အဲလစ်ဇဘက် ဖာရို့ ဟီနန် (Elizabeth Farotte Heenan)၊ ဂျဲရမီ စမစ် (Jeremy Smith)၊ အဲရွန် ပဲလ်စတိုင်း  (Aaron Perlstein)

ပတ်ဝန်းကျင်အပေါ် ကျွန်ုပ်တို့ရဲ့ သက်ရောက်မှုကအစ နည်းပညာက ကျွန်ုပ်တို့အပေါ်သက်ရောက်မှုအထိ ဝေရဲ့ လူမှုရေးဆိုင်ရာ စိုးရိမ်ချက်တွေကို ကိုင်တွယ်ထားပါတယ်။ ဆန်ဖရန်စစ္စကို တရားမျှတရေး အဖွဲ့အစည်းနဲ့ ပူးတွဲစီစဉ်ချက်အရ Unintended Consequences ဟာ ရေရှည်မမြင်ဘဲ ထိခိုက်မိစေနိုင်တဲ့ နိုင်ငံရေး/စီးပွားရေး ဆုံးဖြတ်ချက်တွေအပေါ် အလေးအနက် မီးမောင်းထိုးပြထားပါတယ်။ ဝေရဲ့ ဝေဖန်ချက်ထဲက အဓိက စာသားကို Big Science: "Every man for himself"ဆိုတဲ့ အင်ဒါဆင် (Anderson)ရဲ့ သီချင်းက ရတာဖြစ်ပါတယ်။

---

## ၂၄ ကွက် (24 EXPOSURES)

(၂၀၀၀)

*ကြာချိန်။ ။ ၂၆ မိနစ်*

*ကကွက်။ ။* ဘရင်ဒါ ဝေ (Brenda Way)
*ဂီတ။ ။* အက်ဂါ မိုင်ယာ (Edgar Myer)၊ ယိုယိုမာ (Yo-Yo Ma) ၊ မတ် အိုကော်နာ (Mark O'Connor)
*အလင်းရောင် ဒီဇိုင်း။ ။* အဲလစ်ဇန်းဒါး ဗီ နစ်ကိုးလ်(Alexander V. Nichols)
*အဝတ်အစား ဒီဇိုင်း။ ။* ဘရင်ဒါ ဝေ (Brenda Way)
*ကသူများ။ ။* The Company

မတ် အိုကော်နာ/ယိုယိုမာ/အက်ဂါ မိုင်ယာ တို့ရဲ့(Appalachian blue grass) သီချင်းစတွေကို စုစည်းထားပြီး ဝေရဲ့ ကကွက်တွေဟာ ဒီအကအဖွဲ့ရဲ့ အနှစ် ၃၀ အနုပညာ တိုးတက်ပြောင်းလဲလာမှုလမ်းကြောင်း – နေ့စဉ်လှုပ်ရှားမှုတွေကနေ အထိအတွေ့ဖန်တီးမှုအထိ၊ အနုပညာပြောင်မြောက်တဲ့အကအထိ၊ ပုံသဏ္ဍာန်တရပ်ရဲ့ အယဉ်ကနေ ကိုယ်ရေးကိုယ်တာဆက်ဆံရေးတွေရဲ့ပြင်းပြတဲ့ခံစားချက်။

---

# အိုဒီစီ/အက (ODC/DANCE) အကြောင်း

အိုဟိုင်းအိုးပြည်နယ်က အိုဘလင် ကောလိပ်မှာ ၁၉၇၁ ခုနှစ်တုန်းက ဘရင်ဒါဝေ တည်ထောင်ခဲ့တဲ့ ODC ဟာ ရည်ရွယ်ချက်ချင်းတူတဲ့သူတွေပါတဲ့အဖွဲ့တခုအနေနဲ့ စခဲ့ပါတယ်။ ၁၉၇၆ ခုနှစ်မှာ အကသမား ၁၆ ယောက်၊ ပန်းချီဆွဲသူတွေ၊ စာရေးသူတွေ၊ ဓာတ်ပုံဆရာတွေနဲ့ ဂီတသမားတွေက အဝါရောင်ဘတ်စကားတစီးပေါ် စုပြုံတက်ကြပြီး သူတို့ရဲ့ အနုပညာစိတ်ကူးနဲ့ လူမှုရေး စံထားချက်တွေအတွက် ပတ်ဝန်းကျင်ရှာဖို့ အနောက်ဖက်အရပ်ကို ထွက်ခဲ့ကြပါတယ်။ အခု ODC ဟာ ဆန်ဖရန်စစ္စကို အသိုင်းအဝိုင်းမှာ ခေတ်မီအနုပညာအဖွဲ့အစည်းတခုနဲ့ ကာလကြာရှည်စွာ ရှိနေပါပြီ။ ဒီအဖွဲ့ကို စီးပွားရေးကျွမ်းကျင်မှုကြောင့် တနိုင်ငံလုံးက သိကြပြီး ဒီအဖွဲ့ဟာ ၁၉၇၉ ခုနှစ်မှာ အမေရိကမှာ မိမိရဲ့ ကိုယ်ပိုင်အဆောက်အဦ ပထမဆုံး တည်ဆောက်နိုင်တဲ့အဖွဲ့ ဖြစ်ပါတယ်။ ၂၀၀၅ ခုနှစ် အောက်တိုဘာလမှာ ODC ဟာ ဒုတိယ ဇာတ်ရုံတရုံဖွင့်ခဲ့ပါတယ် – (ODC Dance Commons) လို့ခေါ်ပြီး ODC ဇာတ်ရုံနဲ့ ဘလောက် တဝက်လောက်ပဲ ဝေးပါတယ်။ အနောက်ဖက်ကမ်းခြေမှာ အကနဲ့ပတ်သက်ပြီး အတက်ကြွဆုံး အဆက်အသွယ်တွေဖန်တီးပြီးနောက် ဒီအဖွဲ့ဟာ အပြည့်အဝပေါင်းစပ်ထားတဲ့အနုပညာစိတ်ကူးနဲ့ ထွေပြားပြီး အရာရောက်သော သက်ရောက်မှုတို့အတွက် အများနဲ့မတူ တမူထူးခြားပါတယ်။ ဒီနိုင်ငံက တခြားဘယ်အနုပညာအဖွဲ့အစည်းနဲ့မှ မတူဘဲ ODC ဟာ ကမ္ဘာ့အဆင့်မီ ခေတ်ပေါ်အကအဖွဲ့တခုဖြစ်ပြီး ပညာရှင်အဆင့်၊ ပညာရှင်မဖြစ်မီအဆင့်နဲ့ အပျော်တမ်းအကသင်တန်းအစီအစဉ်တွေ၊ ကျန်းမာရေးနဲ့ညီညွတ်တဲ့အကသမားများအဖွဲ့၊ လေ့ကျင့်ဖို့စတူဒီယိုရှစ်ခုနဲ့ ရုံးပါတဲ့ တိုက်တတိုက်နဲ့ တနိုင်ငံလုံးက အသိအမှတ်ပြုထားတဲ့ တင်ဆက်ဖို့နေရာတို့ ရှိပါတယ်။

---

ဘရင်ဒါ ဝေ **(BRENDA WAY)** (*အနုပညာရေးရာ ဒါရိုက်တာ*) ဟာ နယူးယောက်မြို့ အမေရိကန် ဘဲလေးနဲ့ ဘဲလေးအနုပညာကျောင်းမှာ ရှေးဦးသင်ကြားခဲ့ပါတယ်။ သူဟာ ODC/Dance တည်ထောင်သူ၊ အနုပညာရေးရာ ဒါရိုက်တာဖြစ်ပြီး ODC ဇာတ်ရုံနဲ့ ODC Dance Commons၊ လူမှု အဖွဲ့အစည်းက ဖြေဖျော်ဖို့နေရာနဲ့ ဆန်ဖရန်စစ္စကို မစ်ရှင်ရပ်ကွက်မှာ သင်တန်းနေရာအသစ်တခုတို့ကို ဖန်တီးခဲ့ပါတယ်။ ဒေါ်ဝေ ဟာ ၁၉၇၆ ခုနှစ်မှာ ဘေးဧရိယာကို မပြောင်းခင် ODC ရယ် အိုဘလင်ကောလိပ်က အနုပညာမျိုးစုံဌာနနဲ့ ဂီတကျောင်းတို့ကို စတင်ခဲ့ပါတယ်။ လွန်ခဲ့တဲ့ ၃၈ နှစ်အတွင်း ကပွဲ ၇၆ ခုလောက်အတွက် ကကွက်တွေ ဖန်တီးခဲ့ပါတယ်။ သူမရဲ့ အဓိက ဆောင်ရွက်ချက်တွေမှာ *Unintended Consequences: A Meditation* (၂၀၀၈)၊ တရားမျှတသည့် လူမှုအဖွဲ့အစည်း၊ *Life is a House* (၂၀၀၈), ဆန်ဖရန်စစ္စကို မိန်းကလေး သီချင်းအဖွဲ့၊ *On a Train Heading South* (၂၀၀၅), CSU မွန်ထရီ ဘေး၊ *Remnants of Song* (၂၀၀၂), စတန်းဖို့ဒ် အသက်ဝင်သည့် အနုပညာ၊ *Scissors Paper Stone* (၁၉၉၄), Alvin Ailey အမေရိကန် ကဇာတ်၊ *Western Women* (၁၉၉၃), Cal Performances, ရတ်ဂါး တက္ကသိုလ်နဲ့ Jacob’s Pillow၊ *Ghosts of an Old Ceremony* (၁၉၉၁)၊ Walker အနုပညာစင်တာနဲ့ မင်နီစိုးတား အော်ကက်စတရာ၊ *Krazy Kat* (၁၉၉၀)၊ ဆန်ဖရန်စစ္စကို ဘဲလေး၊ *This Point in Time* (၁၉၈၇)၊ အုတ်ကလန် ဘဲလေး၊ *Tamina* (၁၉၈၆)၊ ဆန်ဖရန်စစ္စကိုဖြေဖျော်ရေးအဖွဲ့ နဲ့ *Invisible Cities* (၁၉၈၅)၊ စတန်းဖို့ဒ် အသက်ဝင်သည့် အနုပညာ နဲ့ Robotics သုတေသန ဓာတ်ခွဲခန်းတို့အတွက် ပါပါတယ်။ ဒေါ်ဝေ ဟာ အကနဲ့ပတ်သက်ပြီး တနိုင်ငံလုံး ပြောရေးဆိုခွင့်ရှိသူတယောက်ဖြစ်ပြီး စာအုပ်အများအပြား ပုံနှိပ်ထုတ်ဝေခဲ့ပြီး ဆုအမျိုးမျိုးနဲ့ နိုင်ငံတော်အနုပညာရန်ပုံငွေအဖွဲ့ရဲ့ ထောက်ပံ့မှု အနှစ် ၃၀ ရခဲ့ပါတယ်။ အဇ်ဇဒေါ်ရား ဒန်ကင် ဆုနှစ်ဆု ရခဲ့ပြီး သက္ကရာဇ် ၂၀၀၀ ဂျွန် ဆိုင်မွန် ဂူးဂင်းဟိုင်း လေ့လာရေး ထောက်ပံ့မှု ရရှိသူဖြစ်ပြီး ၂၀၀၉/၁၀ ရောမမြို့ အမေရိကန်ကျောင်းမှာ အနုပညာကိုယ်စားလှယ် ဖြစ်ပါတယ်။ ဝေဟာ အနုပညာ ခံစားမှုပညာမှာ ပါရဂူဘွဲ့ ရထားပြီး ကလေး လေးယောက် အမေဖြစ်ပါတယ်။

ကေတီ နယ်လ်စင် **(KT NELSON)** (*တွဲဖက်အနုပညာရေးရာ ဒါရိုက်တာ*) အိုဘလင်ကောလိပ် တက်နေတုန်း ၁၉၇၆ ခုနှစ်မှာ ODC မှာ ပါဝင်ခဲ့ပါတယ်။ ဒီအဖွဲ့နဲ့ ၁၉၇၆ ခုနှစ်က ၁၉၉၇ ခုနှစ်အထိ ကခဲ့ပါတယ်။ ၁၉၇၆ ခုနှစ်ကစပြီး နယ်လ်စင်ဟာ အကပေါင်း ၆၀ ကျော်အတွက် ကကွက်တွေ လုပ်ခဲ့ပြီး သီချင်းပေါင်းများစွာ ရေးစပ်ပြီး သူတပါးကိုခိုင်းစေခဲ့ပါတယ်။ ၁၉၈၆ ခုနှစ်မှာ ODC ရဲ့ *The Velveteen Rabbit* ခေါ် ပထမဆုံး မိသားစုထုတ်လုပ်မှု အပြည့်အစုံအတွက် ကကွက်တွေ ဖန်တီးပြီး ဒါရိုက်တာလုပ်ခဲ့ပါတယ်။ အဲဒီအချိန်ကစပြီး *The Velveteen Rabbit* ကို ဘေး ဧရိယာမှာ နှစ်စဉ်ကပြပြီး တနိုင်ငံလုံးလည်း လှည့်လည်ကပြပြီး ပရိသတ်ပေါင်း ၃ သိန်း ၅ သောင်းက ကြည့်ပြီးပါပြီ။ (ဆန်ဖရန်စစ္စကိုရဲ့ အမြင့်ဆုံးအကဆိုင်ရာ ဂုဏ်ထူးဖြစ်တဲ့) အဇ်ဇာဒေါ်ရား ဒန်ကင် ဆုအတွက် ၁၀ ကြိမ် အပိုင်းအမျိုးမျိုးအတွက် နာမည်တင်သွင်းခံရပြီး သူမရဲ့ ၁၉၉၃ နှစ်ထုတ် *River* အတွက် သုံးကြိမ် နာမည်တင်သွင်းခံရပါတယ်။ အဇ်ဇဒေါ်ရား ဒန်ကင်ဆု သုံးကြိမ် ရခဲ့ပါတယ်။ ။ ၁၉၈၇ မှာ ထူးချွန်စွာ ကပြတင်ဆက်မှု၊ ၁၉၉၉ မှာ ထူးချွန်တဲ့ ကကွက်တွေအတွက်နဲ့ ၂၀၀၁ မှာ အောင်မြင်မှု ရေရှည်ထိန်းထားနိုင်တဲ့အတွက်တို့ ဖြစ်ပါတယ်။ နယ်လ်စင်နဲ့ ပူးပေါင်းဆောင်ရွက်သူတွေထဲမှာ ဘော်ဘီ မက်ဖဲရင် (Bobby McFerrin)၊ ဂျက်ဖ် ဟွိုင်း (Geoff Hoyle)၊ ကင်မ် တူရို (Kim Turo)၊ ဂျီနာ လီရှ်မန် (Gina Leishman)၊ရင်း အက်ကတ် (Rinde Eckert)၊ မာစဲလိုး ဇာဗိုးစ် (Marcelo Zarvos)၊ ဇကပ် မာမာ (Zap Mama) နဲ့ လင်ဒါ ဘူးချဒ် (Linda Bouchard) တို့ ပါပါတယ်။ Diablo ဘဲလေး၊ ဘဲလေး Met၊ အော်စတင် ဘဲလေးနဲ့ Maximum အက တို့အတွက် ဧည့်သည် ကကွက်ဖန်တီးသူအဖြစ်ပါဝင်ခဲ့ဖူးပါတယ်။ ODC ရဲ့ ကမ်းလှမ်းမှုအစီအစဉ်ရဲ့ ညွှန်ကြားရေးမှူး အဖြစ် Nelson ဟာ လူမှုလုပ်ငန်းအများအပြားလုပ်ခဲ့ပါတယ်။ Kohler အနုပညာစင်တာနဲ့ ပူးပေါင်းပြီး ODC အကသမားတွေ၊ ဒေသခံ လက်သမား သမဂ္ဂ၊ Kohler အနုပညာစင်တာတို့နဲ့ တည၊နေကြာဖြေဖျော်မှုဖြစ်တဲ့ *Raising the Roof* ကို လုပ်ခဲ့ပါတယ်။ ဂိန်းစ်ဗီးလ်မှာရှိတဲ့ ဖလော်ရီဒါ တက္ကသိုလ်မှာ နားမကြားသူကလေးတွေ၊ ဒေသခံလူငယ်တွေနဲ့ ODC တို့နဲ့ ကပွဲတခုလုပ်ခဲ့ပါတယ်။ အဲဗရက်အလယ်တန်းကျောင်းမှာ ဆန်ဖရန်စစ္စကို မိုင်းအဖွဲ့၊ ဆန်ဖရန်စစ္စကို စာရေးဆရာများ သမဂ္ဂ၊ Thunder Road မူးယစ်ဆေးစွဲသူ ပြန်လည်ထူထောင်ရေးအဖွဲ့တို့ နဲ့အတူ *Rites of Passage* လုပ်ခဲ့ပါတယ်။ သူမဟာ ODC လူငယ်အဖွဲ့ နဲ့ ODC Dance Jam တို့ကို တည်ထောင်ခဲ့ပြီး လောလောဆယ် (အသက် ၁၂ နှစ်က ၁၇ နှစ်ရှိ) Jam ကို ODC ကျောင်း ဒါရိုက်တာ ကီမီ အိုကာဒါ နဲ့အတူ ပူးတွဲညွှန်ကြားနေပါတယ်။ ၂၀၀၂ ခုနှစ်မှာ နယ်လ်စင်ဟာ ကာလီဖိုးနီးယား အကပညာပေးသူများအသင်း အနုပညာဆုကို အနုပညာ၊ တီထွင်မှု၊ ကမ်းလှမ်းမှုနဲ့ အကနယ်ပယ်မှာ ခံယူချက်နဲ့ လုပ်ကိုင်မှုတို့အတွက် ရရှိခဲ့ပါတယ်။ လောလောဆယ် သူမဟာ ဇယ်လာဘတ် မိသားစု ဖောင်ဒေးရှင်းရဲ့ လူမှုအသိုင်းအဖွဲ့အစည်း ဖြန့်ဝေမှုအဖွဲ့မှာ ပါဝင်ပါတယ်။

ကီမီ အိုကာဒါ **(KIMI OKADA)** (*တွဲဖက်ကကွက်စီစဉ်သူ*) ဟာ ODC ရဲ့ တည်ထောင်သူအဖွဲ့ဝင်ဖြစ်ပြီး ကပွဲ ၂၅ ခုအတွက် ကကွက်တွေ ဖန်တီးခဲ့ပါတယ်။ *Largely New York* ဆိုတဲ့ Broadway ပွဲအတွက် တိုနီဆု အတွက် နာမည်တင်သွင်းခံရပါတယ်။ အစမှာ နယူးယောက်မြို့စင်တာမှာ တင်ဆက်ခဲ့ပြီး နောက်ပိုင်းမှာ စီရယ်တယ် ရက်ပယ်ထရီဇာတ်ရုံနဲ့ ကယ်နဒီ ဖြေဖျော်ရေး အနုပညာစင်တာမှာ တင်ဆက်ခဲ့တဲ့ ဒီပွဲမှာ သူမဟာ ဘီလ်အဲဝင်နဲ့အတူ ကကွက်ဖန်တီးခဲ့ပါတယ်။ သူမဟာ နိုင်ငံတဝှမ်း ဇာတ်ပွဲ၊ အော်ပရာ၊ ရုပ်ရှင်၊ ရုပ်မြင်သံကြားနဲ့ ဆပ်ကပ်တို့အတွက် ကကွက်တွေဖန်တီးခဲ့ပြီး ကွန်ပျူတာနဲ့ ရုပ်ရှင်လုပ်တဲ့သရုပ်ဖော် Commotion အကြံပေးတိုင်ပင်အဖွဲ့မှာလည်း အဖွဲ့ဝင်တယောက်ဖြစ်ပါတယ်။ ဒေါ်အိုကာတာဟာ နိုင်ငံတော် အနုပညာရန်ပုံငွေ (National Endowment for the Arts) ကကွက်လေ့လာသူဆုကို အရင်က ရဖူးပါတယ်။ အဲဒီ NEA အဖွဲ့၊ ကာလီဖိုးနီးယား အနုပညာကောင်စီနဲ့ စီရယ်တယ် အနုပညာကော်မရှင်တို့မှာ အဖွဲ့ဝင်တယောက် ဖြစ်ပါတယ်။

---

သူမရဲ့ ကကွက်ဖန်တီးမှုနဲ့ လူမှုအသိုင်းအဝိုင်းမှာ ပါဝင်ကူညီမှုတို့ကြောင့် ကာလီဖိုးနီးယားပြည်နယ် ဥပဒေပြုအဖွဲ့ညီလာခံဆုံးဖြတ်ချက်နဲ့ ဂုဏ်ပြုခံရပါတယ်။ ဆယ်ကျော်သက် အကအဖွဲ့ဖြစ်တဲ့ ODC Dance Jam မှာ တွဲဖက်ဒါရိုက်တာဖြစ်ပါတယ်။ ODC ကျောင်း ဒါရိုက်တာအနေနဲ့ သူမဟာ တပတ်မှာ လူငယ်နဲ့ လူကြီးတွေအတွက် အကသင်တန်း ၂၅၀ သင်ပေးတဲ့ ပညာရှင်ဆရာတွေကို ကြီးကြပ်ပါတယ်။

**ဒယ်နီယယ် စန်းတိုးစ် (DANIEL SANTOS)** *(ကချေသည်)* ကို ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့မှာ မွေးဖွားခဲ့ပြီး ကာလီဖိုးနီးယား ပြည်နယ် ဆန်ဟိုဇေးမြို့ မှာ ကြီးပြင်းခဲ့ပါတယ်။ အကပညာကို အသက် ၁၈ နှစ်မှာ ဒဲနစ် မာရှယ်လ် ရဲ့ အုပ်ထိန်းမှုအောက်မှာ သင်ယူခဲ့ပါတယ်။ စန်းတို့စ်ဟာ ဆန်ဖရန်စစ္စကို ဘဲလေးကျောင်းတက်ခဲ့ပြီး နောင်မှာ အိုကလာဟိုးမား တက္ကသိုလ်တက်ခဲ့ ပါတယ်။ အဲဒီမှာ *The Sleeping Beauty, Serenade, Spectre de la Rose* နဲ့ *Carmina Burana* တို့အတွက် အထူးကချေသည် အဖြစ်တင်ဆက်ခံရပါတယ်။ စန်းတိုးစ်ဟာ ၂၀၀၂ ခုနှစ်မှာ ODC မှာပါဝင်ခဲ့ပြီး ဒီအဖွဲ့ရဲ့ – ဝေရဲ့ *Raking Light* နဲ့ နယ်လ်စင်ရဲ့ *A Walk in the Woods* တို့မှာ မမေ့နိုင်တဲ့ အဓိကအခန်းအပါအဝင်– တင်ဆက်မှုအမျိုးမျိုးမှာ အဓိကအခန်း ဒါဇင်ပေါင်း များစွာ ဖန်တီးရာမှာ အကူအညီပေးခဲ့ပါတယ်။

**ယာယိုအီ ကမ်ဘာရာ (YAYOI KAMBARA)** *(ကချေသည်)* ကို ဂျပန်နိုင်ငံ တိုကျိုမြို့မှာ မွေးဖွားခဲ့ပြီး ဘေးရီးယားနဲ့ အင်္ဂလန်နိုင်ငံ ဆားရေးမှာ ကြီးပြင်းခဲ့ပါတယ်။ လောရင့်စ် တက္ကသိုလ်က အရှေ့အာရှလေ့လာရေးမှာ BA ဘွဲ့ ရခဲ့ပြီး (Minnesota–Twin Cities) တက္ကသိုလ်မှာ အကတင်ဆက်မှုအတွက် BFA ဘွဲ့ ရခဲ့ပါတယ်။ ဘေးရီးယားမှာ သူမဟာ STEAMROLLER အကအဖွဲ့၊ Flyaway ထုတ်လုပ်မှုများ၊ စာရာ ရှယ်လ်တင် မန်း (Sara Shelton Mann/ Contraband) နဲ့ စကော့ ဝဲလ်စ် (Scott Wells) တို့နဲ့ ကံထူးစွာ ကခွင့်ရခဲ့ပါတယ်။ ကမ်ဘာရာဟာ ၂၀၀၃ ခုနှစ်မှာ ODC မှာ ပါဝင်ခဲ့ပြီး –မကြာသေးခင်က ဝေရဲ့ *In the Memory of the Forest* အပါအဝင် – ODC ရဲ့ တင်ဆက်မှုများစွာမှာ အဓိကအခန်းတွေ ဖန်တီးရာမှာ အကူအညီပေးခဲ့ပါတယ်။

**အဲန် ဇီဗိုလစ် (ANNE ZIVOLICH)** *(ကချေသည်)* ကို ကာလီဖိုးနီးယားပြည်နယ် လော့စ်အင်းဂျလစ်မြို့မှာ မွေးဖွားခဲ့ပါတယ်။ အသက် ခွန်နစ်နှစ်အရွယ်မှာ ဘဲလေး၊ ဂျဲဇ်နဲ့ တက်ပ်တို့ စသင်ခဲ့ပြီး တချိန်တည်းမှာပဲ တရော၊ စန္ဒယားနဲ့ ရေခဲပေါ်ကီတို့လည်း ကစားခဲ့ပါတယ်။ သူမဟာ ဘဲလေး Met, The Joffrey ဘဲလေးနဲ့ Pacific Northwest ဘဲလေး တို့မှာ ပညာသင်ဆုနဲ့ သင်ယူခဲ့ပါတယ်။ ဘင်ဂျမင် ဟာကာဗီရဲ့ ညွှန်ကြားမှုအောက်မှာ ဂျူးလီးယဒ် ကျောင်းမှာ အကအတွက် ဘီအက်ဖ်အေဘွဲ့ ရခဲ့ပါတယ်။ ဂျူးလီးယဒ်မှာ သူမဟာ ရောဘတ် ဘက်တယ် (Robert Battle)၊ လား လူးဘိုးဗိချ် (Lar Lubovitch)၊ ဒေးဗစ် ပါးစင်း (David Parsons) နဲ့ လိုင်လာ ရော့ခ် (Lila York) တို့အပါအဝင် နာမည်ကျော် ကကွက်ဖန်တီးသူ တွေရဲ့ ကကွက်တွေ ကခဲ့ပါတယ်။ ဘွဲ့ရပြီးနောက် ဇီးဗိုလစ်ဟာ ဂျူလီ နာကာဂါဝါ–ဘော့ချာ (Julie Nakagawa-Bottcher) ရဲ့ ညွှန်ကြားမှုအောက်မှာ ချီကာဂိုမြို့မှာ Hubbard Street 2 နဲ့ ကခဲ့ပြီး Lou Conte အကစတူဒီယိုမှာ သင်ကြားပေးခဲ့ပါတယ်။ ၂၀၀၅၊ ၂၀၀၇ နဲ့ ၂၀၀၈ ခုမှာ အကောင်းဆုံး တဦးချင်းတင်ဆက်မှုအတွက် အဇ်ဇာဒေါရားအကဆု နောက်ဆုံးစာရင်းဝင်အဖြစ် နာမည်တင်သွင်း ခံရပါတယ်။ ဇီးဗိုလစ်က အကယ်ဒမီဆုချီးမြှင့်ပွဲအတွက် ရုပ်မြင်သံကြားမှာနဲ့ Toys ရုပ်ရှင်တို့မှာလည်း တင်ဆက်ခဲ့ပါတယ်။ ဇီးဗိုလစ်ဟာ ၂၀၀၃ ခုနှစ်မှာ ODC မှာ ပါဝင်ခဲ့ပြီး သူမရဲ့ ပြင်းပြတဲ့ခံစားမှုနဲ့ သတ္တိ တို့အတွက် အများက သိကြပါတယ်။ အထူးသဖြင့် *Shenanigans* နဲ့ *On a Train Heading South* တို့နှစ်ခုစလုံးမှာ သူမရဲ့ ပါရမီတွေနဲ့ နက်နက်နဲနဲ စီစဉ်ထားပါတယ်။

**ကော်ရီ ဘရေဒီ (COREY BRADY)** *(ကချေသည်)* ရဲ့ ဇာတိဟာ တက္ကဆပ်ပြည်နယ် ဟူစတန်မြို့ ဖြစ်ပြီး သရုပ်ဖော်မှုနဲ့အမြင်အနုပညာတို့အတွက် ဟူစတန်မြို့အထက်တန်းကျောင်းဆင်းခဲ့ပါတယ်။ ဟူစတန် ဘဲလေး အကယ်ဒမီ၊ အမေရိကန် အကပွဲနဲ့ ဘီအက်ဖ်အေဘွဲ့ ရခဲ့တဲ့ အိုကလာဟိုးမား တက္ကသိုလ် (OU) မာသာ ဂရေဟမ် ခေတ်ပေါ်အကကျောင်းတို့မှာ နောက်ထပ်ပညာသင်ခဲ့ပါတယ်။ OU မှာရှိနေတုန်း ပါရာဂွေးနဲ့ မက္ကဆီကိုတို့မှာ ကပြခဲ့ပြီး ၂၀၀၃ ခုနှစ်မှာ ဝါရှင်တန်ပြည်နယ် ဆီရယ်တယ်မြို့ Prism ကဇာတ်ရုံမှာ ဧည့်သည်အနုပညာသည်အဖြစ် ကပြခဲ့ပါတယ်။ ဆန်ဖရန်စစ္စကိုမြို့ကို ပြောင်းပြီး ကတည်းက ဘရေဒီဟာ ၂၀၀၅ လိင်တူဆက်ဆံသူအမျိုးသားများ နိုင်ငံတကာ အနုပညာပွဲ အတွက်နဲ့ ၂၀၀၅ ခု က CounterPULSE နွေရာသီကပွဲမှာ ဂျိုး လန်ဒီးနီး (Joe Landini) နဲ့အတူ လုပ်ကိုင်ခဲ့ပါတယ်။ Apple ကွန်ပျူတာအတွက်လည်း မော်ဒယ်လုပ်ခဲ့ပါတယ်။ ၂၀၀၃ ခုနှစ်မှာ ဘရေဒီဟာ ODC မှာ ပါဝင်ခဲ့ပါတယ်။ နယ်လ်စင်ရဲ့ *Hunting and Gathering* က ၄င်းရဲ့ ပါရမီတွေအတွက် အထူးအစွမ်းရှိတဲ့ ယာဉ်အဖြစ် သိသာထင်ရှားပါတယ်။

**ကီလက် ရာရန် (QUILET RARANG)** *(ကချေသည်)* ကို ဖိလစ်ပိုင်နိုင်ငံမှာ မွေးပါတယ်။ အသက် ဆယ့်တစ်နှစ်မှာ ဂျီဂျီ ဗဲလာဒီ (Gigi Velarde) ရဲ့ သင်ကြားမှု အောက်မှာ ဘဲလေးသင်ခဲ့ပြီး နောင်မှာ ဖိလစ်ပိုင် အနုပညာ အထက်တန်းကျောင်းမှာ အကပညာသင်ဆုရရှိခဲ့ပါတယ်။ Makiling ဘဲလေး၊ Lab Project, Dance Forum နဲ့ ဘဲလေး ဖိလစ်ပိုင်တို့နဲ့ ကခဲ့ပါတယ်။ အမေရိကန်ပြည်ထောင်စု ရောက်ပြီးကတည်းက Jigsaw Dance Collective, Redlands ဘဲလေး၊ ECNAD ပါစာဒီးနား က Le Studio အကအဖွဲ့နဲ့ တောင် ကာလီဖိုးနီးယား ကဇာတ် တို့နဲ့ လုပ်ကိုင်ခဲ့ပါတယ်။ လူငယ် ကကွက်ဖန်တီးသူများပွဲမှာ တင်ဆက်ခဲ့တဲ့ ကကွက်အတော်များများ SCDT နဲ့ အတူ ဖန်တီးခဲ့ပါတယ်။ လော့စ်အန်းဂျလစ်က TRIP ကဇာတ်ရုံနဲ့ နယူးယောက်မြို့တို့က Parsons အကအဖွဲ့ မှာလည်း အလုပ်လုပ်ခဲ့ပါတယ်။ ၂၀၀၅ ခုနှစ်မှာ ODC မှာ ပါဝင်ခဲ့ပြီး နယ်လ်စင် ရဲ့ *Hunting and Gathering* မှာ မေ့မရနိုင်အောင် ကပြတင်ဆက်ခဲ့ပါတယ်။

**အဲလစ်ဇဘက် ဖဲရို ဟီးနန် (ELIZABETH FAROTTE HEENAN)** *(ကချေသည်)* ဟာ ကာလီဖိုးနီးယားပြည်နယ် ဂီးလ်ရွိုင်းမှာ ကြီးပြင်းခဲ့ပါတယ်။ အရင်က ဘဲလေး Met နဲ့ ကခဲ့ပြီး ဘေးရီးယာ ကကွက်ဖန်တီးသူများနဲ့ နိုင်ငံတကာမှာ လှည့်လည်ကပြခဲ့ပါတယ်။ ဒေါ်နယ် မက်ကိုင်းလ် (Donald McKayle) တံဆိပ် ပညာသင်ဆုရသူတယောက်အနေနဲ့ ယူစီ အဲဗိုင်းကနေ ဘီအေဘွဲ့ ရခဲ့ပြီး McKayle အကအဖွဲ့ဝင်တယောက် ဖြစ်ခဲ့ပါတယ်။ Conservatoire National Superieur de Musique et de Danse de Paris မှာ ဖလှယ်မှုအစီအစဉ်အရ ပါဝင်နေတုန်း ဖဲရိုဟာ ဖောစိုက် (Forsythe) နဲ့ ဘဲလင်းချင်း (Balanchine) တို့ရဲ့ အလုပ်တွေမှာ အဓိကအခန်းက ကပြတင်ဆက်ခဲ့ပါတယ်။ စန်ဟိုဇေး ကလီဗလန် ဘဲလေးမှာ သင်တန်းတက်ခဲ့ပြီး နွေရာသီမှာ ဘော့စတွန် ဘဲလေးမှာရှိခဲ့ပြီး Royal Academy of Dance၊ နယူးယောက်မြို့ ဘဲလေးနဲ့ ကလီဗလန် ဘဲလေးတို့မှာ ပညာသင်ဆုတွေရခဲ့ပါတယ်။ ၂၀၀၅ ခုနှစ်မှာ ဖဲရိုဟာ ODC မှာ ပါဝင်ခဲ့ပါတယ်။ နယ်လ်စင်ရဲ့ *Grassland* နဲ့ *Scramble* တို့မှာ သူမရဲ့ အခန်းတွေက ထင်ရှားပါတယ်။

**ဂျယ်ရမီ စမစ် (JEREMY SMITH)** *(ကချေသည်)* ဟာ အသက်ကိုးနှစ်ကတည်းက ကခဲ့ပါတယ်။ ဖလော်ရီဒါပြည်နယ်မှာ ကြီးပြင်းလာပြီးနောက် Parsons အကအဖွဲ့မှာ ပါဝင်ဖို့ နယူးယောက်ကို ပြောင်းခဲ့ပါတယ်။ *Nascimento* နဲ့ *The Envelope* အပါအဝင် Parsons ရဲ့ ကန္တဝင် မြောက် အလုပ်တွေမှာ အဓိကအခန်းမှာ သုံးနှစ်ကြာ ကပြခဲ့ပါတယ်။ Parsons ရဲ့ နာမည် ကျော် သီးခြား *Caught* မှာ ကပြတင်ဆက်မှုကြောင့်လည်း အလေးအနက် ချီးမွမ်းခံရ ပါတယ်။ တပြိုင်နက်တည်းမှာပဲ စမစ်ဟာ Ben Munisteri Dance Projects နဲ့ လစ်ဒီယာ ဂျွန်စင် (Lydia Johnson) အက တို့မှာ ဧည့်သည်အနုပညာရှင်အနေနဲ့ရယ် လွတ်လပ်တဲ့ ကချေသည် အဖြစ်ရယ် ကပြခဲ့ပါတယ်။ ပညာရပ်မှာ လစ်ဒီယာ ဒေးဗစ် (Lynda Davis)၊ ပီတာ လန်ဒန် (Peter London)၊ ဇဗီ ဂေါ့သိုင်းနာ (Zvi Gotheiner) နဲ့ ရှီလာ

ဟမ်ဖရီ (Sheila Humphreys) တို့က လွှမ်းမိုးမှုရှိကြောင်း စမစ်က အသိအမှတ်ပြုပါတယ်။ New World အနုပညာ အထက်တန်းကျောင်းဆင်းဖြစ်ပြီး ဖလော်ရီဒါပြည်နယ် တက္ကသိုလ်က ဘီအက်ဖ်အောဘွဲ့ကို အတော်ဆုံး ကျောင်းသားအဖြစ် ရခဲ့ပါတယ်။ စမစ်ဟာ ၂၀၀၇ ခုနှစ်မှာ ODC မှာ ပါဝင်ခဲ့ပြီး နယ်လ်စင်ရဲ့ *Grassland* နဲ့ Way ရဲ့ *In the Memory of the Forest* တို့မှာ မေ့မရနိုင်တဲ့ အခန်းတွေက ပါဝင်ခဲ့ပါတယ်။

**အဲရွန် ပဲလ်စတိုင်း (AARON PERLSTEIN)** *(ကချေသည်)* ဟာ ဆန်ဖရန်စစ္စကိုမှာ မွေးဖွားပြီး ကြီးထွားခဲ့ပြီး ကာလီဖိုးနီးယားပြည်နယ် အာခေးဒီးယားက ဟမ်းဘိုပြည်နယ် တက္ကသိုလ်မှာ ဟယ်သာ စော့တာ (Heather Sorter) နဲ့ ဂျန်ဒီ ဘက်မန် (Jandy Bergman) တို့နဲ့ အကသင်တန်း စတင်တက်ရောက်ခဲ့ပါတယ်။ ODC/Dance၊ အလွန်ဇိုကင်း (Alonzo King) ရဲ့ LINES ခေတ်ပေါ်ဘဲလေး၊ အယ်လ်ဗင်အိုင်လီအမေရိကန် ကဇာတ် ၊ Ririe-Woodbury အက အဖွဲ့နဲ့ Jacobs Pillow တို့နဲ့ ပညာရှင်သင်တန်းတွေ တက်ခဲ့ပါတယ်။ Astrum Dance Theater North Coast Dance ရဲ့ *The Nutcracker*၊ Humboldt Light အော်ပရာအဖွဲ့၊ မစ်ရှီဂန် အော်ပရာ ကဇာတ်၊ Romeo ပြည်သူ့ ဘဲလေးနဲ့ အိုင်ဇင်ဟာဝါ အကအဖွဲ့တို့မှာ ကပြခဲ့ပါတယ်။ ပဲလ်စတိုင်းဟာ ODC မှာ အလုပ်သင်အဖြစ် ၂၀၀၆ ခုနှစ်မှာ စတင်ပါဝင်ခဲ့ပြီး ၂၀၀၈ ခုနှစ်မှာ ကချေသည်အဖြစ် ရာထူးတက်သွားပါတယ်။

**ဗနက်စာ သီဆင် (VANESSA THIESSEN)** *(ကချေသည်)* က သြရီဂွန်ပြည်နယ် ပေါ့တလန်မြို့ကပါ။ သီစင်ဟာ သြရီဂွန် ဘဲလေး ကဇာတ်ကျောင်းမှာ ဟေးဒီး ဂူတီရယ်ရဇ် (Haydee Gutierrez) ရဲ့ ညွှန်ကြားမှုအောက်မှာ သင်ကြားခဲ့ပါတယ်။ ၁၉၉၅ ခုနှစ်မှာ ဂျိမ်းဇ် ကဲန်ဖီးလ် (James Canfield) ရဲ့ညွှန်ကြားမှု အောက်မှာ သြရီဂွန် ဘဲလေးအက အဖွဲ့ ကို စတင်ဝင်ရောက်ခဲ့ပြီး *Giselle, Romeo & Juliet, Who Cares?* နဲ့ *Serenade* တို့လို ဘဲလေးတွေမှာ အဓိကအခန်းက ကခဲ့ပါတယ်။ ၂၀၀၃ ခုနှစ်မှာ ဆန်ဖရန်စစ္စကိုက စမူဝင် ဘဲလေးမှာ စတင်ပါဝင်ခဲ့ပြီး *Stabat Mater, Les Noces, Frankie & Johnny, Zorro!, Dancin' with Gershwin, Fly Me to the Moon, Symphony of Psalms* နဲ့ *Schubert Scherzo* တို့လို မိုက်ကယ် စမူဝင် (Michael Smuin) ရဲ့ ဘဲလေး အများအပြားမှာ အဓိကအခန်းက ကပြခဲ့ပါတယ်။ သီစင်ဟာ အဲလီးယက် ဖက်ဒ် (Eliot Feld) ၊ ကက် ပီတာစင် (Kirk Peterson) ၊ ထရေး မက်ကင်တိုင်ယာ (Trey McIntyre) ၊ ဒေးဗစ် ပါစင် (David Parsons) နဲ့ ဘီဘာ မီလာ (Bebe Miller) အပါအဝင် ကကွက်ဖန်တီးသူ အမျိုးမျိုးနဲ့ လုပ်ကိုင်ဖူးပါတယ်။ သီစင်ဟာ ၂၀၀၈ ခုနှစ်မှာ ODC မှာ စတင်ပါဝင်ခဲ့ပါတယ်။

**ဒဲနစ် အဲဒမ်စ် (DENNIS ADAMS)** *(ကချေသည်)* ကို တက္ကဆပ်ပြည်နယ် ဖို့ဒ်ဝပ်မြို့မှာ မွေးပါတယ်။ ဘွတ်ကာ တီ ဝါရှင်တန် အထက်တန်းကျောင်းမှာ သရုပ်ဆောင်မှုနဲ့ အမြင်အနုပညာ သင်တန်းနဲ့ အိုကလာဟိုးမား တက္ကသိုလ် အကကျောင်းမှာ သင်တန်းတက်ခဲ့ပါတယ်။ အကအတွက် ဘီအက်ဖ်အေဘွဲ့ရပြီးနောက် ကလီယို ပါကာ ရော်ဘင်စင် (Cleo Parker Robinson) အကအဖွဲ့မှာ ပါဝင်ခွင့် ရခဲ့ပါတယ်။ အဲလ်ဗင် အယ်လင် (Alvin Allen) ၊ ဒေါ်နယ် မက်ကေး (Donald McKayle)၊ အော်စတင် ဟာတဲလ် (Austin Hartel) နဲ့ မတ် ဒန်ဒီ (Mark Dandy) တို့ရဲ့ အလုပ်နဲ့ လှည့်လည်ခဲ့ပါတယ်။ အဲဒမ်ဟာ ၂၀၀၈ ခုနှစ်မှာ ODC မှာ အလုပ်သင်အဖြစ် စတင်ပါဝင်ခဲ့ပြီး ၂၀၀၉ ခုနှစ်မှာ ကချေသည်အဖြစ် ရာထူးတက်ခဲ့ပါတယ်။

**ရီတာ ဒီလိုရင်ဇို (RITA DILORENZO)** *(အဝတ်အစား ဒီဇိုင်း)* ဟာ ၁၉၉၇ ခုနှစ်ကတည်းက ဖက်ရှင်နဲ့ အဝတ်အစားလုပ်ငန်းမှာ ဒီဇိုင်းရေးဆွဲသူ၊ ပုံဇံဒီဇိုင်းရေးဆွဲသူနဲ့ နည်းပညာ ဒီဇိုင်း ရေးဆွဲသူအဖြစ် Bebe, Banana Republic, Rebecca Beeson, Chelsea Davis, The Foundry နဲ့ လုပ်ကိုင်သူ ကကွက်ဖန်တီးသူ အဲလက်စ် ကက်တလီ (Alex Ketley)၊ Hubbard Street Dance နဲ့ Robert Moses KIN တို့အပါအဝင် ကုမ္ပဏီ အမျိုးမျိုးမှာ လုပ်ကိုင်ခဲ့ပါတယ်။ DiLorenzo ဟာ "Black Label San Francisco" လို့ခေါ်တဲ့ ခေတ်ပေါ် အမျိုးသမီး အဝတ်အစားတွေလည်း ထုတ်လုပ် ခဲ့ပါတယ်။

**အယ်လစ်ဇန်းဒါး ဗီ နီကိုလ် (ALEXANDER V. NICHOLS)** *(အလင်းရောင်နှင့် ဇာတ်ခုံဒီဇိုင်း)* က အက၊ ဇာတ်နဲ့ အော်ပရာအတွက် ဇာတ်ခုံအတွက် အလင်းရောင်နဲ့ အဝတ်အစား ဒီဇိုင်း အမျိုးမျိုး လုပ်ပါတယ်။ ဆန်ဖရန်စစ္စကို ဘေး ဧရိယာမှာ ဘာကာလီ ရက်ပယ်ထရီ ဇာတ်ရုံ၊ ODC/Dance၊ Margaret Jenkins အကအဖွဲ့၊ Joe Goode အကအဖွဲ့၊ Zaccho ကဇာတ်၊ the Paul Dresher အဖွဲ့၊ Rinde Eckert နဲ့ Magic ကဇာတ်၊ အပါအဝင် အဖွဲ့တွေ အနုပညာသည်တွေ အများအပြားနဲ့ လုပ်ခဲ့ပါတယ်။ နီကိုလ်ဟာ ပင်စဗေးနီးယား ဘဲလေးနဲ့ ဟတ်ဖို့ ဘဲလေးတို့အတွက် အလင်းရောင် ဒီဇိုင်းသမားလုပ်ခဲ့ပြီး အမေရိကန် ဘဲလေးကဇာတ်အတွက် အလင်းရောင် ဒါရိုက်တာ လုပ်ခဲ့ပါတယ်။ ကကွက်သမား ဗဲလ် ကာနီပါရိုလီ (Val Caniparoli)၊ ကက် ပီတာစင် (Kirk Peterson) ၊ ခရစ်စတိုဖာ ဒီအမ်ဘွိုင်စ် (Christopher d'Amboise)၊ မတ် မောရစ် (Mark Morris) နဲ့ ဘရင်ဒါ ဝေ (Brenda Way) နဲ့သီချင်းရေးစပ်သူ ဖီးလစ် ဂလပ်စ် (Philip Glass) တို့အတွက် ဒီဇိုင်းတွေ လုပ်ခဲ့ပါတယ်။ သူ့ဒီဇိုင်းတွေကို အယ်လ်ဗင်အိုင်လီ အမေရိကန် ကဇာတ်ရုံ၊ ဟောင်ကောင် ဘဲလေး၊ ပစ်ဘတ် ဘဲလေးဇာတ်ရုံ၊ BalletMet/Columbus၊ စင်ကာပူ ကဇာတ်၊ ရစ်ချ်မွန် ဘဲလေး၊ မြောက်ကယ်ရိုလိုင်းနား ကဇာတ်၊ ပင်စဗေးလ်နီးယား အော်ပရာ ဇာတ်ရုံနဲ့ ထိုင်ဝမ် နိုင်ငံတော် ကဇာတ်ရုံတို့မှာ တွေ့ရပါတယ်။

**ကယ်သီ ရို့စ် (KATHY ROSE)** *(ထုတ်လုပ်မှု ဇာတ်ခုံ မန်နေဂျာ)* ဟာ လင်ကွန်းမြို့က နဘရာစကာ တက္ကသိုလ် တက်ခဲ့ပါတယ်။ ခေတ်ပေါ်အက၊ ဘဲလေး၊ ဇာတ်၊ အော်ပရာနဲ့ ဆပ်ကပ်တို့မှာ ဇာတ်ခုံ မန်နေဂျာ လုပ်ခဲ့ပါတယ်။ ဘော်စတွန် ဘဲလေး၊ စန်တာဖေး အော်ပရာ၊ နယူးပစ်ကယ် ဆပ်ကပ် နဲ့ Teatro Zinzanni စတဲ့ အဖွဲ့တွေအတွက် အလုပ်လုပ်ခဲ့ပါတယ်။ ပြည်တွင်းမှာ အလာစကာကနေ ဖလော်ရီဒါအထိ ပြည်နယ် ၄၅ ခုနဲ့ ဟော်လန်၊ ဂျာမနီနဲ့ ပြင်သစ်နိုင်ငံတွေကို လှည့်လည်ခဲ့ပါတယ်။ ODC/အက တာဝန်တွေအပြင် ရို့စ်ဟာ ODC ဇာတ်အစီအစဉ်အတွက် ထုတ်လုပ်မှုမန်နေဂျာဖြစ်ပြီး ODC Dance Commons ၊ ODC ရဲ့ အိမ်တွင်း စတူဒီယိုနဲ့ ရုံးအဆောက်အဦတို့ကို အသုံးချပုံတို့ကို ကြီးကြပ်ပါတယ်။

**ODC/DANCE**
351 Shotwell Street
San Francisco, CA 94110
ဖုန်း။ ။ 415.863.6606
ဖက်စ်။ ၊ 415.863.9833
အီး။ ။letters@odcdance.org
www.odcdance.org

# DANCEMOTIONUSA℠ အကြောင်း

အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဌာန ပညာရေးနှင့်ယဉ်ကျေးမှု ရေးရာဗျူရိုရဲ့ စီမံကိန်းတရပ်ဖြစ်ပြီး BAM (Brooklyn Academy of Music) က ထုတ်လုပ်တာဖြစ်တဲ့ DanceMotion USA℠ ဟာ နိုင်ငံတကာပရိသတ်တွေနဲ့ ခေတ်ပေါ် အမေရိကန်အက အတွေ့အကြုံကို စစ်ဆေး၊ ဖလှယ်ပြီး လေ့လာပါတယ်။

၂၀၁၀ ခုနှစ် ဇန်နဝါရီလက မတ်လအထိ အကအဖွဲ့သုံးဖွဲ့ ဟာ ကမ္ဘာ့ဒေသအမျိုးမျိုးကို လနဲ့ချီကြာ ခရီးလှည့်လည်ပါတယ်။ ။ (အင်ဒိုနီးရှား၊ မြန်မာနိုင်ငံနဲ့ ထိုင်းနိုင်ငံ) အရှေ့တောင်အာရှမှာ ODC/Dance၊ (စင်နေဂေါ၊ နိုင်ဂျီးရီးယားနဲ့ တောင်အာဖရိက) အာဖရိကမှာ Ronald K. Brown/Evidence, A Dance Company နဲ့ (ဗဲနဇွေးလား၊ ကိုလံဘီယာနဲ့ ဘရာဇီး) တောင်အမေရိကမှာ Urban Bush Women။

အမေရိကန်သံရုံးတွေဟာ ထိပ်တန်း ယဉ်ကျေးမှု၊ လူမှုရေးဝန်ဆောင်မှုနဲ့ လူမှုအသိုင်းအဝိုင်းအခြေပြု အဖွဲ့အစည်းတွေ၊ ပညာရေးအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး အများနဲ့မတူထူးခြားတဲ့ ကိုယ်စားလှယ်အစီအစဉ်တွေကို ပူးပေါင်းဆောင်ရွက်မှုနဲ့ ဖလှယ်မှု အခွင့်ရေးတွေဖန်တီးဖို့အတွက် ဆောင်ရွက်နေပါတယ်။ ပြည်သူတွေအတွက် ဖြေဖျော်မှုတွေကို မဟာဝိဇ္ဇာအတန်းတွေ၊ ဟောပြောမှုတွေ၊ လုပ်ငန်းခွင်သင်တန်းတွေ၊ မီဒီယာ ကမ်းလှမ်းမှုတွေနဲ့ ပြည်တွင်းအနုပညာသမားတွေနဲ့ ဖလှယ်မှုတွေနဲ့ အတူလုပ်ပါတယ်။ ကျယ်ကျယ်ပျံ့ပျံ့ အင်တိုက်အားတိုက်နဲ့ ချိတ်ဆက်ဖို့ ဆင်းရဲပြီး ဝန်ဆောင်မှုနည်းပါးနေတဲ့လူငယ်တွေကို အထူးကမ်းလှမ်းမှုတွေ လုပ်နေပါတယ်။ ပညာရေးနဲ့ အခြေအနေနဲ့ကိုက်ညီတဲ့အရာတွေက ဒီစီမံကိန်းအတိုင်းအတာကို ကျယ်ပျံ့စေပါတယ်။ www.DanceMotionUSA.org ကို ကြည့်ပါ

## ပူးပေါင်းဆောင်ရွက်သူများ

**အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဌာန ပညာရေးနှင့်ယဉ်ကျေးမှု ရေးရာဗျူရို** ဟာ အမေရိကန်ပြည်ထောင်စုနဲ့ တခြားနိုင်ငံတွေအကြား နားလည်မှုကို နိုင်ငံတကာ ပညာရေးနဲ့ ဖလှယ်မှု အစီအစဉ်တွေနဲ့ မြှင့်တင်ပါတယ်။ အမေရိကန်ပြည်ထောင်စုရဲ့ နိုင်ငံခြားရေးမူဝါဒကိုထောက်ခံပြီး အမေရိကရဲ့ အနုပညာ ထူးကဲကျွမ်းကျင်မှုဖြစ်ထွန်းစေပြီး အမေရိကန်နိုင်ငံရဲ့ ယဉ်ကျေးမှုတွေနဲ့ ရိုးရာတွေကို လေးစား နှစ်သက်ကြောင်းပြတဲ့ ယဉ်ကျေးမှုချင်းဖလှယ်တဲ့ အစီအစဉ်အမျိုးမျိုးကို ၄င်းရဲ့ ယဉ်ကျေးမှုအစီအစဉ် ဌာနခွဲကတဆင့် ဗျူရိုကထောက်ပံ့ပါတယ်။

**BAM** ရဲ့ လုပ်ငန်းရည်မှန်းချက်ဟာ ၂၁ ရာစုရဲ့ သာလွန်ထူးကဲပြီး တိုးတက်တဲ့ သရုပ်ဆောင်မှုနဲ့ ရုပ်ရှင်အနုပညာစင်တာဖြစ်ပြီး နိုင်ငံတကာရော ဒေသခံအသိုင်းအဝိုင်းတွေနဲ့ပါ ပူးပေါင်းဆောင်ရွက်ဖို့ ဖြစ်ပါတယ်။ ၄င်းရဲ့ တာရှည်ခံတဲ့ ရည်ရွယ်ချက်က ပရိသတ်တွေအနေနဲ့ ခက်ခဲပြီး ကြွယ်ဝတဲ့ယဉ်ကျေးမှုအစီအစဉ်တွေအမျိုးမျိုးကို ကြုံတွေ့နိုင်တဲ့ ထူးခြားတဲ့ပတ်ဝန်းကျင်အနေအထားပေးဖို့ ဖြစ်ပါတယ်။ ဘရွတ်ကလင် နယူးယောက်မှာ အခြေစိုက်ထားတဲ့ BAM ဟာ အမေရိကန်ပြည်ထောင်စုမှာ ရှေးအကျဆုံးနဲ့ စဉ်ဆက်မပြတ် လည်ပတ်နေတဲ့ သရုပ်ဆောင်အနုပညာစင်တာဖြစ်ပြီး ၁၅၀ နှစ်ပတ်လည်ကို ၂၀၁၀ ခုနှစ်မှာ ကျင်းပခဲ့ပါတယ်။ www.BAM.org ကို ကြည့်ပါ

## အထွေထွေမန်နေဂျာ

**Lisa Booth Management, Inc.** (Lisa Booth၊ ဥက္ကဋ္ဌ၊ Deirdre Valente၊ ဒု ဥက္ကဋ္ဌ) ဟာ နယူးယောက်မြို့ အခြေစိုက် ထုတ်လုပ်ရေးနဲ့ စီမံခန့်ခွဲရေးအဖွဲ့အစည်းတခုဖြစ်ပြီး ခေတ်ပေါ် ကိုယ်တိုင်တိုက်ရိုက်ဖြေဖျော်မှုကို အလေးထားပါတယ်။ LBMI က ကမ္ဘာတဝှမ်းမှာ အနုပညာရှင်တွေ ထုတ်လုပ်ပြီး ကမ္ဘာတဝှမ်းလှည့်လည်ပါတယ်။ ပွဲတွေ၊ နေရာဒေသဆိုင်ရာ အခန်းအနားတွေနဲ့ အထူးစီမံကိန်းတွေ ကျင်းပ စီမံခန့်ခွဲပါတယ်။ ၁၉၈၃ ခုနှစ်က စပြီး LBMI အစီအစဉ်တွေကို တိုက် ခြောက်တိုက်ရှိ နိုင်ငံပေါင်း ၃၀ မှာရှိတဲ့ မြို့ပေါင်း ၃၀၀ ကျော်မှာ ကျင်းပခဲ့ပါတယ်။

---

လှည့်လည်ဖြေဖျော်မှု အချက်အလက်ရယူဖို့ ဆက်သွယ်ရန်။ ။

LISA BOOTH
MANAGEMENT, INC.

145 West 45th St, #602
New York, NY 10036

ဖုန်း 212.921.2114
ဖက်စ် 212.921.2504
artslbmi@msn.com

BAM